၂၀၁၇ ခုနှစ် ဩဂုတ်လ (၃၀) ရက်

ကုလသမဂ္ဂ**ကမ္ဘာ့**စားနပ်ရိက္ခာအစီအစဉ်

ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အနေဖြင့် မောင်တောမြို့နယ်အတွင်း နေရာအနှံ့အပြားတွင် ကုလသမဂ္ဂ**ကမ္ဘာ့**စားနပ်ရိက္ခာအစီအစဉ် အမှတ်တံဆိပ်ပါ အာဟာရဖြည့်ဘီစကစ်များနှင့် ဆန်အိတ်များ တွေ့ရှိကြောင်း လူမှုကွန်ယက်တွင် ဓာတ်ပုံများဖြင့် ရည်ညွှန်းဖော်ပြချက်များကို သိရှိပြီးဖြစ်ပါသည်။ စားနပ်ရိက္ခာများကို အခြားနည်းလမ်းဖြင့် လွဲပြောင်း အသုံးပြုသည်ဆိုသည့် ရည်ညွှန်းဖော်ပြချက်ကို ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အနေဖြင့် အလေးအနက်သဘောထား၍ လိုအပ်ချက်ရှိသော သူများကို ထောက်ပံ့ပေးရန် ရည်ရွယ်ထားသော ထောက်ပံ့ရေးပစ္စည်းများကို ကြိုးကိုင်ချယ်လှယ်၍ အသုံးပြုခြင်းကို ခိုးယူခြင်းမြောက်သည်ဟု သတ်မှတ်ပါသည်။

ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ရာဒေသများ ရိက္ခာ သိုလှောင်ရုံများသို့ သွားရောက်နိုင်ခြင်း မရှိသေးဘဲ စားနပ်ရိက္ခာနှင့် ငွေကြေးထောက်ပံ့ခြင်းများကို လုပ်ဆောင်နိုင်ခြင်းမရှိသေးကြောင်း ပြောကြားလိုပါသည်။

အဆိုပါ မီဒီယာများတွင် ဇူလိုင်လ ၃၀ ရက်မှစ၍ ဖော်ပြနေသောကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ အာဟာရဖြည့်ဘီစကစ်နှင့် ပတ်သက်၍ ကုန်ပို့လွှာနံပါတ် ခြေရာခံနိုင်ရန်နှင့် စုံစမ်းစစ်ဆေးနိုင်ရန် အသေးစိတ်အချက်အလက်များကိုသိရှိလိုကြောင်းတာဝန်ရှိသူများထံသို့တင်ပြထားပါသည်။ ယခုအချိန် အထိထိုအသေးစိတ်အချက်အလက်များကိုသိရှိရန်စောင့်ဆိုင်းလျက်ရှိပါသည်။ ကုလသမဂ္ဂကမ္ဘာ့စားနပ် ရိက္ခာအစီအစဉ် အနေဖြင့် ဤကိစ္စနှင့် ပတ်သက်တာဝန်ရှိသူများနှင့် ဆက်လက်၍ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။